**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၁၄/၂၀၂၁
ရက်စွဲ၊၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်း ကိစ္စ။**

၁။ ၁-၈-၂၀၂၁ ရက်နေ့ ည (၁၉း၀၀) နာရီ အချိန်ခန့်တွင် Singapore နိုင်ငံမှ Bangladesh နိုင်ငံ Chittagone ဆိပ်ကမ်းသို့ ခုတ်မောင်းလာသည့် Vietnam နိုင်ငံ Tan Binh Co Ltd ပိုင် Panama နိုင်ငံ မှတ်ပုံတင်သင်္ဘော MV Tan Binh 127 (IMO 9240043) သည် တနင်္သာရီတိုင်းဒေသကြီး၊ ဇာဒက်ကြီးကျွန်း အနောက်ဘက် ရေမိုင် ၉၀ ခန့် အကွာ မြန်မာနိုင်ငံ၏ EEZ အတွင်း တည်နေရာ Lat: ၁၀ ဒီဂရီ ၀၂ မိနစ် (N) နှင့် Long: ၀၉၆ ဒီဂရီ ၄၇ မိနစ် (E) တွင် သင်္ဘောထဲသို့ ရေဝင်ရောက်မှု (Flooding) ဖြစ်ပွားခဲ့ပြီး အဆိုပါနေ့ ည ၂၂း၃၀ နာရီ အချိန်ခန့်တွင် ရေယာဉ်မှူး အပါအဝင် ရေယာဉ်ဝန်ထမ်းများ ရေယာဉ်မှစွန့်ခွာခဲ့ပါသည်။

၂။ စွန့်ခွာခဲ့သည့် ရေယာဉ်၏ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| Name | : | M.V Tan Binh 127 |
| IMO No. | : | 9240043 |
| MMSI No. | : | 354984000 |
| Call Sign | : | H9LN |
| GRT | : | 9235 |
| Flag | : | Panama |
| LOA | : | 130 Mtr |
| Width | : | 19 Mtr |
| Type | : | General Cargo |



၃။ သို့ဖြစ်ပါ၍ မောင်းသူမဲ့ မျောပါလျက်ရှိသည့်အတွက် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် တည်နေရာအနီး ခုတ်မောင်းသွားလာလျက်ရှိသော ရေယာဉ်များအနေဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်မည့် ကြည့်ကင်းများဖြင့် သတိပြုခုတ်မောင်း သွားလာရန် လိုအပ်မည် ဖြစ်ပြီး အဆိုပါ ရေယာဉ်အား ဘေးအန္တရာယ်ကင်းစွာ ရှောင်ရှားသွားလာကြပါရန်နှင့် အဆိုပါ ရေယာဉ်အား တွေ့ရှိပါက Maritime Rescue Coordination Centre (MRCC) သို့ အောက်ဖော်ပြပါအတိုင်း ဆက်သွယ် သတင်းပေးပို့ကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်-

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့၊ စာအမှတ်၊ စာအမှတ်၊ SSE/NM/၁၃/၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့သော ရေကြောင်းသတိပေးချက်အား ဤစာဖြင့် အစားထိုး ထုတ်ပြန်လိုက်သည်)

ဆက်သွယ်ရန် -

MRCC Myanmar

| | | |
|---|---|---|
| ဖုန်း | - | + ၉၅ ၁ ၂၀၂၄၁၇ |
| ဖက်စ် | - | + ၉၅ ၁ ၂၀၂၄၁၇ |
| အီးမေးလ် | - | mrcc.myanmar2012@gmail.com |
| | | mrcc.yangon@mptmail.com.mm |

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)